မာတိကာ

- စာရေးသူ၏အမှာ

(က)

၁။ ကနောင်မင်းသားကြီး ၁၃
၂။ ကလန်သံပျင် ၁၄
၃။ ကလျာဏီကျောက်စာ ၁၄
၄။ ကုလား၊ ဦး ၁၅
၅။ ကုလားတန်မြစ် ၁၅
၆။ ကောလိယမင်း ၁၅
၇။ ကံရာဇာကြီး ၁၅
၈။ ကံရာဇာငယ် ၁၆
၉။ ကင်းကိုင် ၁၆
၁၀။ ကင်းစဉ်ဝန် ၁၆
၁၁။ ကင်းဆယ်နှစ်ရပ် ၁၆
၁၂။ ကင်းတိုင် ၁၆
၁၃။ ကင်း ၄၃ မြို့ ၁၆
၁၄။ ကင်းဝန် ၁၇
ကင်းဝန်မင်းကြီး–ဦးကောင်း ရှု
၁၅။ ကောင်ဟန်ဝန် ၁၇
၁၆။ ကောင်းစင် ၁၇
၁၇။ ကောင်း၊ ဦး (ကင်းဝန်မင်းကြီး) ၁၇
၁၈။ ကန္တီမြို့စားမင်းသမီး ၂၄
၁၉။ ကုန်းဘောင်မင်းဆက် ၂၆
၂၀။ ကုမ္ဘာရ ကဿပမင်းသား ၃၅
၂၁။ ကိုယ်လုပ်တော် ၃၅
၂၂။ ကျစွာမင်းတရား ၃၆
၂၃။ ကျာဘမ်း၊ မောင်၊ (ခုံတော်) ၃၇
၂၄။ ကျီစိုးမင်း ၃၈
၂၅။ ကျော်စွာမင်း ၃၈
၂၆။ ကျောက်စရစ်မြို့ဟောင်း ၃၉
၂၇။ ကျောင်းဖြူမင်း (၉၉၁–၁၀၄၈) ၄၀
၂၈။ ကျိုင်း ၄၀
၂၉။ ကျန်စစ်သားမင်း ၄၂
၃၀။ ကျုံး ၅၃
၃၁။ ကြာညွန့်၊ ဦး (ပန်းချီတော်) ၅၄
၃၂။ ကြေးမြင်မိဘုရား ၅၇

(ခ)

၁။ ခဆပဥ္စ ၅၈
၂။ ခုနှစ်ရွာတိုက်စားမိဘုရား ၅၈
၃။ ခဲ၊ ဦး (စားတော်ဝန်) ၅၉
၄။ ခင်ကြီးဖျော် (တောင်တွင်းဆရာတော်) ၆၀
၅။ ခင်ဆုံ (မင်းကြီးကတော်) ၆၃
၆။ ခင်မမင်းဝန် (နန်းမတော်ဝန်) ၆၄
၇။ ခန်းပတ်မင်းကြီး ၆၅
၈။ ချိန်၊ ဦး (လှေသင်းအတွင်းဝန်) ၆၆
၉။ ချို၊ ဆရာ (ပန်းချီတော်) ၆၆
၁၀။ ချို၊ ဦး (နာခံတော်ဝေါကြီးမှူး) ၇၄
၁၁။ ချို၊ ဦး (မဟာဗန္ဓုလသား) ၇၄
၁၂။ ခွေ၊ မယ် (နန်းတွင်းသူ) ၇၅

(ဂ)

၁။ ဂေါဝိန္ဒ ၇၆

(င)

၁။ ငစဉ်ကူးမင်း ၇၇
၂။ ငဆောင်ချမ်းတိုက်ပွဲ ၇၉
၃။ ငတပါးမင်း ၈၀
၄။ ငတက်ပြား (သူခိုးကြီး) ၈၂
၅။ ငထွေရူး ၈၅
၆။ ငရမန်ကာန်း ၈၅
၇။ ငလုံးလက်ဖယ် ၈၅
၈။ ငုံ၊ ဦး (ပုသိမ်မြို့ဝန်) ၈၅

(စ)

၁။ စကုမြို့ ၈၇
၂။ စတုတ္ထသမီးတော် ၈၇
၃။ စနုဆောင် ၉၁
၄။ စမြောင် ၉၁
၅။ စလင်းစုဘုရား ၉၁
၆။ စ၊ ဦး (မြဝတီမင်းကြီး) ၉၂
၇။ စားတော်ဝန် ၉၄
၈။ စုကိုင် ၉၄
၉။ စုမှူးစုရေး ၉၄
၁၀။ စူဠစန္ဒြာမင်း ၉၄
၁၁။ စကြာဒေဝီမိဘုရားကြီး ၉၅
၁၂။ စစ်ကဲ ၉၆
၁၃။ စစ်ကဲ မောင်မောင်လေး ၉၆
၁၄။ စစ်ကိုင်းမင်း ၁၀၁
၁၅။ စစ်ကိုင်းမြို့ ၁၀၆
၁၆။ စစ်တောင်းမြို့ဟောင်း ၁၀၇
၁၇။ စည်သူမောင်မောင်ကျော် ၁၀၈
၁၈။ စန္ဒသုဓမ္မရာဇာ ၁၁၀
၁၉။ စိန်တုံးမိဘုရား ၁၁၀
၂၀။ စန္ဒာဒေဝီမိဘုရားကြီး ၁၁၃
၂၁။ စမ္မနုဂိုရ် ၁၁၇
၂၂။ စမ္မနုဂိုရ် (မော်ဗီ) ၁၁၈

(ဆ)

၁။ ဆလေဒင်၊ ကာနယ် ၁၂၀
၂။ ဆီမီထွန်းမှူး ၁၂၂
၃။ ဆီးပန်းနီဆရာတော် ၁၂၂
၄။ ဆင်ဖြူမရှင်မိဘုရားကြီး ၁၂၄
၅။ ဆင်ဖြူရှင်မင်း ၁၃၀
၆။ ဆွေတော်မျိုးတော်အသင်း ၁၃၄
၇။ ဆယ်ရွာတိုက်စား မိဘုရား ၁၃၄

(ဇ)

၁။ ဇလွန်မြို့ ၁၃၅

(ည)

၁။ ညောင်ပင်သာဦးပုည ၁၃၆
၂။ ညောင်ရမ်းမင်းသား ၁၃၇
၃။ ညောင်ဝန်းရွာ ၁၄၀
၄။ ညောင်အုပ်မင်းသား ၁၄၀
၅။ ညို၊ မိ (နန်းတွင်းသူ) ၁၄၂

(တ)

၁။ တကောင်းမြို့ ၁၄၄
၂။ တုရင်တောင် ၁၄၄
၃။ တုရင်တိုင် ၁၄၄
၄။ တော်ဘုရား ၁၄၅
၅။ တော်ဘုရားကလေး ၁၄၅
၆။ တော်ဘုရားကြီး ၁၄၈
၇။ တော်ဘုရားငယ် ၁၄၉
၈။ တက်တူ၊ ဦး (မြင်းရကြီးဝန်) ၁၅၀
၉။ တင်းတိမ်ရုံမှူး ၁၅၀
၁၀။ တောင်ငူမင်းဆက် ၁၅၀
၁၁။ တောင်ဆောင်မိဘုရား ၁၅၃
၁၂။ တောင်ဆောင်မိဘုရားကြီးသင်္ချိုင်းစာ ၁၅၄
၁၃။ တောင်တွင်းကြီးမြို့စားမင်းသမီး ၁၅၄
၁၄။ တောင်ပရွာ ၁၅၆
၁၅။ တောင်ရွှေရေးဆောင်မိဘုရား ၁၅၆
၁၆။ တောင်သမန်တံတား ၁၅၇
၁၇။ တိုင်တားမင်းကြီး ၁၆၁

(ထ)

၁။ ထောင်ကဲ ၁၆၃
၂။ ထောင်ဗိုလ်၊ ဦး (ဗန်းမော်မြို့ဝန်) ၁၆၃
၃။ ထိပ်စုဘုရားကြီး ၁၆၄
၄။ ထိပ်စုဘုရားထွေး ၁၆၆
၅။ ထွက်တော်မူကြီး ၁၆၇
၆။ ထွန်းညို၊ ဦး
(တွင်းသင်းတိုက်ဝန် မဟာစည်သူ) ၁၆၉

(ဒ)

၁။ ဒသရာဇာမင်း ၁၇၁
၂။ ဒါလဟိုစီ ၁၇၁
၃။ ဒဂုံးစက်ရုံ ၁၇၄
၄။ ဒိုင်းခေါင် ၁၇၆

(ဓ)

၁။ ဓညဝတီခေတ် ၁၇၇
၂။ ဓနုဖြူ ၁၇၉

(န)

၁။ နရသိင်္ခဥစ္စနာမင်း ၁၈၁
၂။ နေမျိုးနော်ရထာ ၁၈၁
၃။ နောင်တော်ကြီးမင်းတရား ၁၈၂
၄။ နတ်သျှင်နောင် ၁၈၈
၅။ နန္ဒဘုရင်၊ ငါးဆူဒါယကာမင်း ၂၀၂
၆။ နန်းကံကျေး ၂၀၅
၇။ နန်းမတော်မယ်နု ၂၀၅

(ပ)

၁။ ပထမရန်အောင်မြင်မင်းသမီး ၂၁၁
၂။ ပထမမြောက်ဆောင်တော်မိဘုရား ၂၁၂
၃။ ဒုတိယမြောက်ဆောင်မိဘုရား ၂၁၂
၄။ ပဋိပက္ခရား ၂၁၃
၅။ ပဒေသရာဇာ၊ ဝန်ကြီး ၂၁၃
၆။ ပုခန်းမင်းသား ၂၁၈
၇။ ပုခန်းမြို့စား၊ ဝန်ကြီး ၂၂၂
၈။ ပုဂံ ၂၂၄
၉။ ပုဂံ ၁၉ ရွာ ၂၂၈
၉။ ပုဂံမင်း ၂၂၉
၁၀။ ပုည၊ ဦး (စလေ) ၂၃၇
၁၁။ ပေစိ၊ ဦး (မင်းလှကျော်ထင်) ၂၃၈
၁၂။ ပေါ်ဦး၊ ဦး (အမတ်ကြီး) ၂၃၈
၁၃။ ပင်လယ်မြို့ ၂၄၁
၁၄။ ပင်းယမင်းဆက် ၂၄၁
၁၅။ ပန်းချီတော် ၂၄၂
၁၆။ ပန်းတိမ်မင်းသား ၂၄၈
၁၇။ ပိန်၊ ဦး (မြို့စာရေး) ၂၄၈
၁၈။ ပလ္လင် ၂၄၉
၁၉။ ပျဉ်ပြားရွာ ၂၅၁
၂၀။ ပျဉ်းမနားမင်းသားကြီး ၂၅၁
၂၁။ ပြုံကန်မိဘုရား ၂၅၂
၂၂။ ပြောမှူးကြီး ၂၅၂
၂၃။ ပြင်စည်မင်းသား ၂၅၂

(ဖ)

၁။ ဖေငယ်၊ မောင်(တောင်သမန်းလယ်စား) ၂၅၄
၂။ ဖယ်ယာ၊ ဆာအာသာ ၂၅၆
၃။ ဖောင်ကားစားမောင်မောင် ၂၅၈
၄။ ဖွားစောမိဘုရား (တတိယ) ၂၆၀
၅။ ဖွားစောမိဘုရား (ဒုတိယ) ၂၆၀
၆။ ဖွားစောမိဘုရား (ပထမ) ၂၆၀

(ဗ)

၁။ ဗညားဒလ ၂၆၂
၂။ ဗဒုံမင်း ဘိုးတော်မင်းတရားရှု
၃။ ဗဒုံမင်း၏ ဂူဗိမာန် ၂၆၆
၄။ ဗဒုံမင်း၏ မိဘုရားခေါင်ကြီး ၂၆၆

၅။ ဗလရာဇာ (သက်ပန်းရွာစား) ၂၆၇
၆။ ဗိုင်းတာ ၂၆၈
၇။ ဗျတ္တ၊ ဗျတ်ဝိ ၂၆၉

(ဘ)

၁။ ဘကြီးတော်မင်းတရား စစ်ကိုင်းမင်းရှု
၂။ ဘကြီးတော်မင်းတရား ဂူဗိမာန်
(အရိုးအိုးဂူပြာသာဒ်) ၂၇၀
၃။ ဘိသိက်မင်္ဂလာ ၂၇၀
၄။ ဘုရင့်နောင်မင်းတရားကြီး ၂၇၁
၅။ ဘုရင့်နောင်မင်းတရားကြီး၏
ခေါင်းလောင်းကြီး ၂၇၄
၆။ ဘို့မယ်၊ ရှင် ၂၇၄
၇။ ဘိုးတော်မင်းတရား (ဗဒုံမင်း) ၂၇၆
၈။ ဘိုင်ဆပ် (မြို့ဝန်) ၂၈၄

(မ)

၁။ မကွေးမိဘုရား ၂၈၆
၂။ မဟာဗန္ဓုလ၊ စစ်သူကြီး ၂၈၇
၃။ မိချောင်းတက်ရွာစားမိဘုရား ၂၈၉
၄။ မိဘုရားဝေါဟာရ ၂၈၉
၅။ မိဘုရားခေါင်ကြီး စကြာဒေဝီ ၂၉၀
၆။ မက္ခရာမင်းသားကြီး (ပထမ) ၂၉၁
၅။ မက္ခရာမင်းသားကြီး
(မင်းတုန်းမင်းသားတော်) ၂၉၃
၆။ မင်းကြီးစွာ (အင်းဝဘုရင်) ၂၉၄
၇။ မင်းကြီးမင်းထင်မဟာမင်းခေါင်ကျော်
(ကျောက်ပန်းတောင်းမြို့စား) ၂၉၄
၈။ မင်းကွန်းခေါင်းလောင်းကြီး ၂၉၅
၉။ မင်းခင်းမင်းသမီး ၂၉၈
၁၀။ မင်းခေါင်နော်ရထာ (ဗိုလ်တွန်) ၂၉၈
၁၁။ မင်းတပ်ထိပ်ခေါင်တင်
(မင်းတုန်းမင်း၏ သမီးတော်) ၃၀၂
၁၂။ မင်းတုန်းမင်းတရားကြီး ၃၀၃
၁၃။ မင်းတုန်းမြို့စားများ ၃၁၁
၁၄။ မင်းကြီးမင်းသားများ
ဘွဲ့ပေးပုံ အဆင့်အတန်း ၃၁၂
၁၅။ မင်းဘကြီး ၃၁၂
၁၆။ မင်းရဲကျော်စွာ
(ပထမမင်းခေါင်၏သား) ၃၁၃
၁၇။ မင်းလက်ဝဲနော်ရထာ ၃၁၃
၁၈။ မင်္ဂလာအိမ်တော်ပါ ၃၁၄
၂၀။ မောင်မောင်ပြောင် (သူရဲဝန်) ၃၁၄
၂၁။ မောင်မောင်ဘ (ရွှေပြည်ဝန်) ၃၁၅
၂၂။ မောင်မောင်လေး(တောင်ထားဝယ်ဗိုလ်) ၃၁၅
၂၃။ မင်းမိဘုရားများကို
ဘွဲ့ပေးပုံအဆင့်အတန်း ၃၁၅
၂၄။ မိုင်းကိုင်အတွင်းဝန်မင်း ၃၁၅
၂၅။ မိုင်းတိုင်မြို့ဟောင်း ၃၁၇
၂၆။ မိန်းမစိုး ၃၁၉
၂၇။ မြစေတီကျောက်စာ ၃၂၀
၂၈။ မြတောင်မင်းသမီး–စုဘုရားလတ်–ရှု
၂၆။ မြတောင်မြို့စားဝန်ကြီး ၃၂၀
၂၇။ မြူ၊ ဦး (သံချက်ဝန်) ၃၂၁
၂၈။ မြေဒူးမင်း –ဆင်ဖြူရှင်မင်း–ရှု
၂၉။ မြေဒူးမြို့ဟောင်း ၃၂၂
၃၀။ မြ၊ ဦး (ဒီပဲယင်းဝန်ထောက်မင်း) ၃၂၃
၃၁။ မြို့ဝန် (နေပြည်တော်) ၃၂၄
၃၂။ မြို့ဝန် (နိုင်ငံတော်အရပ်ရပ်
မြို့ကျေးရွာများမြို့ဝန်) ၃၂၅
၃၃။ မြို့ရိုး ၃၂၆
၃၄။ မြောက်နန်းမိဘုရား ၃၂၇
၃၅။ မြင်ကွန်းမင်းသား ၃၃၂
၃၆။ မြင်းခုန်တိုင်မင်းသား ၃၃၂
၃၇။ မြန်မာလွှတ်တော် ၃၃၃
၃၈။ မှန်ဘုရင် ဗညားဒလ ၃၄၈
၃၉။ မှန်ဘုရင်မကြီး ရှင်စောပု ၃၄၉
၄၀။ မှူးတော်၊ မတ်တော်များကို
ဘွဲ့အမည်ပေးပုံ အဆင့်အတန်း ၃၅၃
၄၁။ မှတ်၊ ဆရာ ၃၅၃
၄၂။ မှန်နန်းအပျိုတော် ၃၅၅

(ယ)

၁။ ယောမင်းကြီးသင်္ချိုင်း ၃၅၆
၂။ ယိုးဒယားမိဘုရား ၃၅၆
၃။ ယင်းတောမင်းကြီးဦးတုတ် ၃၅၈
၄။ ယုန်လွှတ်ကျွန်း ၃၅၉

(ရ)

၁။ ရခိုင်မင်းဆက် ၃၆၀
၂။ ရနောင်မောင်မောင်တုတ် ၃၆၁
၃။ ရတနာဂီရိ ၃၆၇
၄။ ရတနာလှေကားတော်မှူး ၃၆၉
၅။ ရဋ္ဌသာရ၊ မဟာ၊ ရှင် ၃၇၈
၆။ ရာဇဓာတုကလျာမင်းသမီး ၃၇၆
၇။ ရာဇသူ အမိဖွားစော မိဘုရား ၃၇၈
၈။ ရန္တပိုစာချုပ် ၃၈၂
၉။ ရန်အောင်မြင်မင်းသမီး (ဒုတိယ) ၃၈၄
၁၀။ ရောက်ကြီး၊ ဦး ၃၈၅
၁၁။ ရွာပုလဲ မိဘုရား ၃၈၇
၁၂။ ရှင်ဒိသာပါမောက္ခ
(ကျစွာမင်း၏ ဆရာတော်) ၃၈၇
၁၃။ ရှင်ဒိသာပါမောက္ခ
(နရသီဟပတေ့မင်း၏ ဆရာတော်) ၃၈၈
၁၄။ ရှေ့တော်ပြေးမှူး ၃၈၈
၁၅။ ရှင်ဘို့မယ် ၃၈၉
၁၆။ ရွှေဘင်၊ ဦး(ပန်းတဉ်းဝန်) ၃၉၀
၁၇။ ရွှေမောင်၊ ဦး (လှေသင်းအတွင်းဝန်) ၃၉၂
၁၈။ ရွှေပြည်အတွင်းဝန် (ဦးဘိုးလှိုင်) ၃၉၃
၁၉။ ရွှေလုံဘို ၃၉၅
၂၀။ ရွှေအိမ်သည်
(ကျန်စစ်သားမင်း၏ သမီးတော်) ၃၉၆
၂၁။ ရွှေအိမ်သည်
(နရပတိမင်း၏ သမီးတော်) ၃၉၇
၂၂။ ရွှေအိမ်သည်
(နရပတိစည်သူမင်း၏ သမီးတော်) ၃၉၇
၂၃။ ရွှန်း၊ ဦး ၃၉၈

(လ)

၁။ လက်ခွန်းဈည်းမြို့ဟောင်း ၄၀၀
၂။ လင်းပင်ထိပ်တင်ထွေး (ဒွေး) ၄၀၁
၃။ လင်းပင်မင်းသား ၄၀၁
၄။ လောင်းကြက်မြို့ ၄၀၂
၅။ လောင်းရှည်မိဘုရား ၄၀၃
၆။ လောင်းရှည်မြို့စားမင်းကြီး ၄၀၄
၇။ လတ်၊ ဦး (ဝက်မစွတ်ဝန်ထောက်) ၄၀၆
၈။ လှိုင်ထိပ်ခေါင်တင် ၄၀၇

(ဝ)

၁။ ဝဇီရ ဘိုး ၄၁၁
၂။ ဝေသာလီမြို့တော် ၄၁၃
၃။ ဝါရီရူ မင်းဆက် (မုတ္တမ) ၄၁၃

(သ)

၁။ သထုံမြို့တော်ဟောင်း ၄၁၅
၂။ သပြေတန်းခံတပ် ၄၁၅
၃။ သမိန်ဗရမ်း (မင်းညီတုံး) ၄၁၆
၄။ သမိန်ဗရမ်း (ဥပါကောင်း) ၄၁၉
၅။ သရစိမ်းမိဘုရား ၄၂၁
၆။ သရပါတံခါး ၄၂၃
၇။ သရေခေတ္တရာ (ပျူမြို့ဟောင်း) ၄၂၄
၈။ သာယာဝတီမင်း ၄၂၅
၉။ သာယာဝတီမင်း၏ ဂူဗိမာန် ၄၂၈
၁၁။ သုဝဏ္ဏဘုမ္မိနှင့် သုဓမ္မဝတီမင်းဆက်များ ၄၂၈
၁၂။ သာလွန်မင်းတရား ၄၂၉
၁၃။ သီပေါမင်းတရား ၄၃၈
၁၄။ သီရိမဟာနန္ဒာဒေဝီ
(စစ်ကိုင်းမင်း၏ အနောက်နန်းမိဘုရား) ၄၃၈
၁၅။ သီဟသူရမဟာဓမ္မရာဇာ
(ပုဂံဘုရင်ခံ) ၄၈၂
၁၆။ သီဟာသနရွှေပလ္လင် ၄၈၃
၁၇။ သစ်မထီး ၄၈၇
၁၈။ သုဓမ္မာဇရပ် ၄၈၇
၁၉။ သူငယ်တော် ၄၈၈

၂၀။ သူရဲကြီးမှူး ၄၈၉
၂၁။ သေနတ်ဝန်ဦးကောင်း ၄၈၉
၂၂။ သဲ၊ မယ်–မြောက်နန်းမိဘုရား ရှု
၂၃။ သံကိုယ်၊ ရှင် ၄၈၉
၂၄။ သံလျင်မြို့ ၄၉၀
၂၅။ သက္ကရာဇ် ၄၉၂
၂၆။ သိင်္ဂီဗိုလ် ၄၉၃
၂၇။ သုံးဆယ်မင်းသားကြီး ၄၉၃

(ဟ)

၁။ ဟံသာဝတီ မင်းဆက် ၄၉၈
၂။ ဟံသာဝတီမြို့စားမင်းသမီး ၄၉၈
၃။ ဟံသာဝတီရောက်မင်းတရား ၄၉၉
၄။ ဟန်လင်းမြို့ဟောင်း ၅၀၀
၅။ ဟိုင်းကြီးကျွန်း ၅၀၂

(အ)

၁။ အကြီးတော် ၅၀၈
၂။ အစုအစို့ ၅၀၈
၃။ အစုအသား ၅၀၉
၄။ အဆောင်နီမှူး ၅၁၂
၅။ အဒွမင်းညို ၅၁၂
၆။ အနန္တသူရိယအမတ် ၅၁၂
၇။ အနောက်နန်းမိဘုရား ၅၁၄
၈။ အနောက်နန်းမမြကလေး ၅၁၅
၉။ အနောက်ဘက်လှန်မင်း ၅၁၈
၁၀။ အနော်ရထာမင်း ၅၂၀
၁၁။ အနော်ရထာမင်း၏ ပိဋကတ်တိုက် ၅၂၂
၁၂။ အနိပ်တော် ၅၂၃
၁၃။ အမရပူရနန်းတော် ၅၂၃
၁၄။ အရဟံ၊ ရှင် ၅၂၅
၁၅။ အရည်ကြီး ၅၂၆
၁၇။ အလောင်းစည်သူမင်းကြီး ၅၂၇
၁၈။ အလောင်းမင်းတရားကြီး ၅၃၀
၁၉။ အလောင်းမင်းတရားသင်္ချိုင်းပြာသာဒ် ၆၄၉
၂၀။ အလယ်နန်းမိဘုရား –
ဆင်ဖြူမရှင်မိဘုရား–ရှု
၂၁။ အဝေးရောက်မင်း ဦးအောင်ကြီး ၅၅၂
၂၂။ အသဝတ်ဓမ္မာ ၅၅၂
၂၃။ အဟိ၊ ဦး (သံတော်ဆင့်) ၅၅၂
၂၄။ အာဠဝီတံတား ၅၅၂
၂၃။ အင်္ဂလိပ်–မြန်မာ စစ်ပွဲများ ၅၅၄
၂၄။ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ၅၅၅
၂၅။ အင်္ဂလိပ်–မြန်မာ တတိယ စစ်ပွဲ ၅၅၇
၂၆။ အင်းဝ ၅၅၉
၂၇။ အုန်းညို၊ ရှင် ၅၆၅
၂၈။ အိန္ဒိယနန်းကျဘုရင်
(ဗဟာဒူးရှားဇဖားရ်) ၅၆၆
၂၉။ အိမ်ရှေ့မဟာဥပရာဇာ (ရွှေတောင်မင်း) ၅၆၉

(ဥ)

၃၀။ ဥတ္တမကျော်၊ ရှင် ၅၇၁

စာရေးသူ၏ အမှာ

ယခု ပြုစုထားသော အဘိဓာန်ကို 'မြန်မာရာဇဝင်အဘိဓာန်' ဟူ၍ အမည်မှည့်ခေါ်ထားပါသည်။ မှည့်ခေါ်ရခြင်းမှာ **'ရာဇဝင်'** ဟူသည် မင်းစဉ်မင်းဆက် အကြောင်းအရာမှတ်တမ်းဖြစ်သောကြောင့် ဖြစ်သည်။ မြန်မာဝေါဟာရ ရာဇဝင်သည် ပါဠိဝေါဟာရ **'ရာဇဝံသ'** မှ ဆင်းသက်လာ၍ မင်းစဉ်မင်းဆက်၊ မင်းစဉ်မင်းဆက်အနွယ်ကို ပြသောကျမ်းဟု အနက်ရပေသည်။ (ရာဇ = မင်း + ဝံသ - အနွယ်အဆက်)

ရာဇဝင်ကို အင်္ဂလိပ်လို Chnonicle ဟုခေါ်၍ ရာဇဝင်အဖြစ်အပျက်၊ ဖြစ်စဉ်မှတ်တမ်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

'သမိုင်း' ဆိုသည်မှာ နိုင်ငံတစ်ခုတွင် အစိုးရနှင့်တကွ ပြည်သူတစ်ရပ်လုံးကို ထင်ထင်ရှားရှား ပြောင်းလဲလောက်သော ဖြစ်ရပ်များနှင့် ယင်းတို့ကို ဦးဆောင်ဖန်တီးသွားသော ပုဂ္ဂိုလ်များ၊ ပြည်သူလူထု၏ လှုပ်ရှားမှုများ အကြောင်းကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းပင် ဖြစ်သည်။

တစ်ဖန် သမိုင်းမှ ဖန်တီးရှင်ပုဂ္ဂိုလ်တို့တွင်လည်း နှစ်မျိုးနှစ်စား ရှိပြန်သည်။ ပထမတစ်မျိုးမှ နိုင်ငံနှင့်လူမျိုးကို အကောင်းဘက်သို့ ပြောင်းလဲလာအောင် ကိုင်တွယ်လုပ်ဆောင်ကြသူများဖြစ်၍ ယင်းတို့ကို သမိုင်း၏ ကျေးဇူးရှင်များဟု ခေါ်ဆိုကြသည်။

ဒုတိယတစ်မျိုးမှာ နိုင်ငံနှင့်လူမျိုးကို အဆိုးဘက်သို့ ရောက်အောင် ဖန်တီးသွားကြသူများဖြစ်၍ ယင်းတို့ကား သမိုင်းကို နာအောင် လုပ်ခဲ့ကြသူများ ဖြစ်လေသည်။ မြန်မာ့သမိုင်း၌ မင်းမူသွားကြသော မင်းဆိုးမင်းညစ်များ၊ သမိုင်းကွေးသွားကြသူများ ဒုနှင့်ဒေး ရှိကြသည်။ လူတိုင်းသည် မိမိသမိုင်းကို မိမိရေးနေသူများဖြစ်ရာ သမိုင်းဆိုးကို မဖန်တီးဖို့ လိုပေသည်။

ထိုနည်းတူစွာ မြန်မာရာဇဝင်၌ မင်းကောင်းမင်းမြတ်များ ရှိသလို မင်းဆိုးမင်းညစ်များလည်း ရှိသည်။ ဤအဘိဓာန်၌ မြန်မာ့သမိုင်း၌ ပေါ်ထွန်းခဲ့သော မင်းများ၊ မိဘုရားများ၊ မင်းညီမင်းသားများ၊ မှူးမတ်သေနာပတိ၊ မင်းခစားများ၊ အစုအစို့ မင်းမှုထမ်းများ၊ ဝန်ကြီးများ၊ မင်းနေပြည်တော်နှင့် မင်းဆက်များကို လက်လှမ်းမီသ၍ ပြုစုထားပါသည်။

အချိန်တိုအတွင်း ပြုစုရသဖြင့် အားနည်းချက်၊ ချို့ယွင်းချက်များ ပါရှိမည်မှာ မလွဲကေန် အမှန်ပင်ဖြစ်ပါသည်။ ချို့ယွင်းချက်များကို အပြုသဘောဆောင်၍ ဝေဖန်ထောက်ပြ အမှန်သို့ လမ်းညွှန်ပြသပါက ကျေးဇူးအထူးပင် တင်ရှိနေမည်ဖြစ်ပါကြောင်း။

နိဝါတဖြင့်

သန်းဝင်းလှိုင်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်
ကြာသပတေးနေ့။

က

ကနောင်မင်းသားကြီး
(ခရစ်နှစ် ၁၈၁၉–၁၈၆၆)

ကနောင်မင်းသားကြီးသည် မင်းတုန်းမင်းတရားကြီး၏ ညီတော် ဖြစ်ပြီး အမည်ရင်းမှာ ဦးကောက်ဖြစ်သည်။ ၁၈၁၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် သာယာဝတီမင်းနှင့် ကျောက်မော်မိဘုရားတို့မှ ဖွားမြင်ခဲ့သူ ဖြစ်သည်။ ကနောင်မင်းသားကြီးသည် ဦးရီးတော် မက္ခရာမင်းသားကြီးကဲ့သို့ မင်းစေရာစ်၏ ယုံကြည်မှု အားထားခံရသူဖြစ်ပြီး နိုင်ငံတော်၏တိုးတက်မှုအတွက် ထိထိရောက်ရောက် စွမ်းဆောင်နိုင်သည့်အခွင့်အရေးကို ရရှိခဲ့လေသည်။ သူသည် အခွင့်အရေးရသလောက်လည်းစွမ်းဆောင်ကြိုးစားသူ ဖြစ်သည်။

ကနောင်မင်းသားကြီးသည် အင်္ဂလိပ်–မြန်မာစစ်ပွဲများအား လေ့လာသုံးသပ်ကြည့်ရာ မြန်မာတို့ဘက်မှ နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ရခြင်းသည် မြန်မာတို့အနေဖြင့် သတ္တိနည်းပါး၍မဟုတ်၊ စစ်ရေးစစ်ရာ နားမလည်၍ မဟုတ်၊ လက်နက်အသုံးအဆောင် မကောင်း၍သာ ဖြစ်သည်ဟု နားလည် မိသည်။ ထို့အတူ မင်းသားကြီးသည် ခေတ်မီ လက်နက်အားလုံးသုံးနိုင် ပါက ရှုရေးတည်တံ့မည်ဟု သုံးသပ်မိသည်။

ယင်းသို့သော အမြော်အမြင်များကြောင့် မင်းသားကြီးသည် အနောက် နိုင်ငံများနှင့် အဆက်အသွယ်ပြုသည်။ ပြင်သစ်၊ အီတလီ၊ အိန္ဒိယနိုင်ငံများသို့ ဉာဏ်ရည် ထက်မြက်သည့် လူရွယ်လူလတ်များအား ပညာတော်သင် စေလွှတ်ခဲ့သည်။ ယင်းတို့အနက် မောင်ရွှေဘင်(ပန်းတဉ်းဝန်ထောက်)၊ မောင်ပေါက်ကျိုင်း၊ မောင်ရွှေအိုး (ပထမဆုံး မြို့ပြအင်ဂျင်နီယာဘွဲ့ရ)၊ မောင်ထွန်းအောင် (ပန်းပဲဝန်)၊ မောင်ညွှန့် (သံချက်ဝန်)၊ မောင်အောင်သူ၊ မောင်မြူ (သံချက်ဝန်)၊ မောင်မြ (စာရေးတော်ကြီး)တို့မှာ ထင်ရှားသည်။ ထို့နောက် အနောက်နိုင်ငံကြီးများမှ သံဖိုများကို ယူဆောင်ကာ စစ်ကိုင်းဘက်တွင် သံချက်စက်ရုံ၊ သံအလုပ်ရုံများ တည်ဆောက်သည်။ သို့သော် မြန်မာ နိုင်ငံကို ခေတ်မီတိုးတက်သော နိုင်ငံတော်အဖြစ် တည်ထောင်ရန် ကြိုးပမ်းနေစဉ်အတွင်း ၁၈၆၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားညီနောင် ဦးဆောင်သော အုပ်စု၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ရေတိမ်နစ်ခဲ့ရရှာသည်။

ကနောင်မင်းသားကြီးသည် အိမ်ရှေ့ဥပရာဇာ ရာထူးရပြီးနောက် သာယာဝတီမင်းနှင့် အနောက်နန်းမိဘုရား မမြကလေးတို့မှ ဖွားမြင်သော လှိုင်ထပ်ခေါင်တင်နှင့် စုံမက်ခဲ့သည်။ လှိုင်ထိပ်ထားနှင့် ထန်းတပင်မင်းသားတို့ ထွန်းကားခဲ့သည်။



ကနောင်မင်းသားကြီး၏ ထင်ရှားသောမိဘုရား၊ ကိုယ်လုပ်တော်များမှာ မြောက်ဆောင်တော်ခင်ကျေး၊ ကျောက်ဆည်သခင် ခင်ကောက်ကြီး၊ ဆောင်ရသခင် သီရိ သုစန္ဒာ၊ ဆောင်ရကျောက်ပန်းတောင်းသခင် ခင်မြင့်၊ ဆောင်ရသခင် ခင်ချိန်၊ ခင်ခင်ကြီး၊ ခင်စော၊ ခင်ညာ၊ ခင်ပု၊ ခင်မွှင့်၊ ဥယျာဉ်တော် သခင်၊ ခင်ဖုံးခင်ဖဲ၊ ရွှေလုံခင်ဖွား၊ ဆောင်ရသခင် ခင်ကေ၊ ဆောင်ရသခင် ခင်ဖော့၊ ဆောင်ရသခင်ကြီး စန္ဒာမဟေ (သတိုးမင်းကြီး မဟာဗန္ဓုလသမီး)၊ ခင်စာ၊ နန္ဒမဟေ၊ ခင်ဖွားကြီး၊ ခင်ဖော့၊ ခင်သဲအု၊ ခင်အေး၊ ခင်အစ်၊ သခင်ရှမ်း၊ ညောင်ဇဉ် သခင်ဥတို့ ဖြစ်သည်။ သားတော်၊ သမီးတော် အနက် ထင်ရှားသူများမှာ ကောင်းတုံ့ မင်းသမီး၊ ကျွန်းညွန့်မင်းသား မောင်မြကြိုင်၊ ကြေးမြင့် မင်းသားကိုသက်၊ စမ္ပာယ်နဂိုရ် မင်းသမီး၊ ဆားလင်းကြီး မင်းသမီး၊ ဆောက်တောင်းမင်းသား မောင်စစ်အောင်၊ ညောင်ဇင် ထိပ်ခေါင်တင် တင်ထွေး၊ တောင်ဆင်းမင်းသား မောင်မြင့်၊ တောင်ညို မင်းသမီး၊ တိုင်တား မင်းသား၊ ထိန်းသာ ထိပ်ခေါင်တင်၊ ပန်းတိမ်းမင်းသား၊ မင်းပြင် ထိပ်ခေါင်တင်၊ မြင်းမူ ထိပ်ခေါင်တင်၊ မြင်းဝန်ပိုက် မင်းသား မောင်စစ်နိုင်၊ ရန်အောင်မြင် မင်းသား၊ ထန်းတပင် မင်းသားနှင့် လင်းပင်မင်းသားတို့ ဖြစ်သည်။

◆

ကလန်သံပျင်

ကလန်သံပျင်သည် မွန်ဘာသာ 'ကလန်သုမ်ဗေင်' မှ ဆင်းသက်လာ၍ ကလန်သည် အခွန်အကောက်နှင့် မှုခင်းစစ်ဆေးရသူဖြစ်ပြီး၊ သံပျင်မှာ မြို့ရွာနယ်ပယ်ကို အုပ်ချုပ်ရသူ ဖြစ်သည်။ ကျန်စစ်သားသည် ကလန်စစ်သားအဖြစ် အမှုထမ်းရွက်ခဲ့ဖူးသည်။ ယင်းရာထူးကို အမျိုးသားများသာမက အမျိုးသမီးများကိုပါ ခန့်အပ်လေ့ရှိသည်။ သံပျင်မှာ ကလန်ထက် ရာထူးပိုကြီးမြင့်သည်။

◆

ကလျာဏီကျောက်စာ

ကလျာဏီကျောက်စာမှာ မွန်ဘုရင် ဓမ္မစေတီမင်း လက်ထက်တွင် စိုက်ထူခဲ့သော ကျောက်စာဖြစ်သည်။ ဓမ္မစေတီမင်းသည် သက္ကရာဇ် ၈၃၇ ခုနှစ်တွင် သာသနာတော် သန့်စင်စေရန် ဝိနည်းတော်နှင့် ညီညွတ်လေအောင် သံဃာတော်များကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ စေလွှတ် သိက္ခာချပြီးမှ ကလျာဏီမြစ်တွင် သိက္ခာသစ် တင်တော်မူကြစေသည်။ ထိုသံဃာတော်များ ပြန်လည်ကြွလာသောအခါ ဟံသာဝတီမြို့ (ယခု ပဲခူး) အနောက်ဘက်တွင် ကလျာဏီသိမ်ကို တည်၍ ထိုအကြောင်းအရာများကို ကျောက်စာရေးထိုးထားခဲ့လေသည်။

ကလျာဏီကျောက်စာရုံ

ကလျာဏီကျောက်စာမှာ ပါဠိဘာသာဖြင့် ၃ ချပ်၊ မွန်ဘာသာဖြင့် ၇ ချပ် ရေးထိုးစိုက်ထူထားခဲ့ရာ ယခုအခါ ပဲခူးမြို့ မဇင်းချောင်းအနီး ရွှေသာလျောင်းလမ်း၊ ကလျာဏီသိမ်တော်ကြီး၏ အရှေ့ဘက်တွင် ရှိလေသည်။ ကျောက်စာမှာ အမြင့် ၇ ပေ၊ အကျယ် ၄ ပေ ၂ လက်မ၊ အထု ၁ ပေ ၃ လက်မရှိ၍ မျက်နှာနှစ်ဖက်စလုံးတွင် ရေးထိုးထားသည်။

စာကိုး

၁။ လှသမိန်၊ **မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်**၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေတိုက်၊ တကြိမ်၊ ၂၀၁၈။

◆